The Flower News, 12 January 2005

# ယူနီဆက်က မြေငလျင်ခံဒေသများတွင် ကူညီပံ့ပိုးမှုများပေးရန်ရှိ

အောင်နိုင်ညွန့်

ရန်ကုန်၊ ဇန်နဝါရီ-၁

အိန္ဒိယသမုဒ္ဒရာအတွင်း ဒီဇင်ဘာ ၂၆ရက်နံနက်ပိုင်းက ဖြစ်ပွားခဲ့သော အလွန်အင်အားပြင်းထန်သည့် မြေငလျင်ဒဏ်ကိုခံစားခဲ့ကြရသော မြန်မာနိုင်ငံတွင်းရှိ ဒေသတချို့မှ ဒေသခံများအတွက် ကူညီထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်ဟု ရန်ကုန်အခြေစိုက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)မှ ဆက်သွယ်ရေးအရာရှိMr.Jason Rushကပြောကြားသည်။

"အခု အဲဒီဒေသတွေမှာ ဆေးဝါးအကူအညီတွေပေးနေပါတယ်။ ဝမ်းရောဂါ၊ ငှက်ဖျားရောဂါနဲ့ ကူးစက်ရောဂါတွေ ရေဓာတ်ခန်းခြောက်တဲ့ရောဂါတွေ ကာကွယ်နိုင်ဖို့အတွက် ဆေးဝါးတွေဖြန့်ဖြူးပေးနေပါတယ်" ဟု Mr.Jason Rush က ထပ်လောင်းပြောကြားသည်။

နိုင်ငံပိုင် သတင်းစာများ၏ ဇန်နဝါရီ ၁ရက်နေ့တွင်ဖော်ပြသော သတင်းများအရ လူ ၅၃ဦးသေဆုံးပြီး ၄၃ဦးဒဏ်ရာရရှိကာ ၂၃ဦးပျောက်ဆုံးလျက်ရှိကြောင်း ကျေးရွာ ၁၇ရွာပျက်စီးပြီး အိမ်ထောင်စု ၁၃၈စု၊ လူဦးရေ ၇၇၈ဦး အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်းနှင့် ဧရာဝတီတိုင်းတွင် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံရှိ မြေငလျင်ခံဒေသများသို့ သွားရောက်ကူညီရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(ယူအင်န်ဒီပီ) စသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းလျက်ရှိသည်ဟု သူက ဆက်လက် ပြောဆိုသည်။